# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

# ၁၉၇၃ ခုနှစ်၊ မူလတန်းပညာသင်ကြားရေး အက်ဥပဒေများကို ရုပ်သိမ်းသည့် ဥပဒေ

**[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၇။]**

**ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။**

**(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်-

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက် သည်-

၁။ ။ (က) ဤဥပဒေကို **၁၉၇၃ ခုနှစ်၊ မူလတန်းပညာ သင်ကြားရေး အက်ဥပဒေများကို ရုပ်သိမ်းသည့် ဥပဒေ**ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ချက်ချင်း အာဏာတည်ရမည်။

၂။ ။ (က) ဤဥပဒေနှင့် မူလတန်းပညာ သင်ကြားရေး အက်ဥပဒေ (The Primary Education Act)၊ ၁၉၅၀ ခုနှစ်၊ မူလတန်းပညာ သင်ကြားရေး (ယာယီပြင်ဆင်ချက်) အက်ဥပဒေ [The Primary Education (Temporary Amendment) Act, 1950] နှင့် ၁၉၅၁ ခုနှစ်၊ မူလတန်းပညာ သင်ကြား ရေးအက်ဥပဒေသက်ဆိုင်ရေး အက်ဥပဒေ (The Primary Education Act Application Act, 1951) တို့ကို ရုပ်သိမ်းလိုက်သည်။

(ခ) ယင်းသို့ ရုပ်သိမ်းလိုက်သည့်အခါ မြန်မာနိုင်ငံ ယေဘုယျ စကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

(ပုံ) နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။
(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

အမိန့်အရ၊
(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

Myanmar Law Information System (MLIS)